ဝိတောက်ခေါင်းကျေးရွာ
ဝိတောက်ခေါင်းကျေးရွာအုပ်စု၊ရွှေဘိုမြို့နယ်
စစ်ကိုင်းတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း
(ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ဝိတောက်ခေါင်းကျေးရွာ
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရွှေဘိုမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

စက်တင်ဘာလ၊ ၂၀၁၈

မာတိကာ

မာတိကာ
ပိတောက်ခေါင်းကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ရွှေဘိုမြို့နယ်
၁။ တည်နေရာနှင့် ပထဝီအနေအထား
၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ
၃။ ကျေးရွာရှိ ကဏ္ဍအသီသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ
(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ
(ခ) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ
(ဂ) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ
(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု
(င) ပညာရေး
(စ) ကျန်းမာရေး
(ဆ) ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး
(ဇ) ကျား-မ ရေးရာ
(ဈ) လူငယ်ဖွံ့ဖြိုးရေး

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ
နောက်ဆက်တွဲ(၁) - ပိတောက်ခေါင်းကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယား
ပိတောက်ခေါင်းကျေးရွာ ဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

ပိတောက်ခေါင်းကျေးရွာအုပ်စု၊ပိတောက်ခေါင်းကျေးရွာသယံဇာတပြမြေပုံ



ပိတောက်ခေါင်းကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှတ်တမ်း

၁။ ကျေးရွာ၏ တည်နေရာ၊ ပထဝီအနေအထား

ပိတောက်ခေါင်းကျေးရွာသည် ရွှေဘိုမြို့နယ်၏ အနောက်မြောက်ဘက် (၂)မိုင်ခန့် အကွာ မဟာနန္ဒာကန်တော်ကြီး၏ အနောက်မြောက်ဘက်တွင်တည်ရှိပြီး(၀.၂၇)စတုရန်းမိုင်ခန့် ကျယ်ဝန်း ပါသည်။ရွာပတ်ဝန်းကျင်တွင်လယ်မြေများရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

မြန်မာပြည်အလယ်ပိုင်းတွင် တည်ရှိသောကြောင့် ပူနွေးစိုစွတ်သောရာသီဥတုကို ခံစားရ ပါသည်။ ရွာနှင့်အနီးပတ်ဝန်းကျင်တွင် ထနောင်း၊ မန်ကျည်း၊ တမာနှင့် ထန်းပင်များ ပေါက်ရောက် ပါသည်။ မဟာနန္ဒာကန်တော်၏ အောက်ဖက်တွင် တည်ရှိပြီး မိုးစပါး၊ နွေစပါး စိုက်ပျိုးနိုင်သော လယ်မြေ(၆၃၆.၆၈)ဧက နှင့် ယာမြေ(၁၀)ဧက ရှိပါသည်။စိုက်ပျိုးရေးကို သဖန်းဆိပ်ဆည်မှ ရရှိပြီး မြေဆီလွှာမှာအဆင့်(၅)နှင့်(၆)ကြားတွင်ရှိပါသည်။ သဘာဝ ဆေးဘက်ဝင်အပင်များ အနေဖြင့် မြင်းခွာ၊ ဆင်တုံးမန္တယ်၊ပိစပ်၊ကျောက်ကွဲပင်တို့ပေါက်ရောက်ပါသည်။ဓာတ်သတ္ထုနှင့် အခြားသဘာဝ အရင်းအမြစ်များမရှိပါ။

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင်ရပ်မိရပ်ဖအဖွဲ့၊ မီးလင်းရေးကော်မတီ၊ အရန်မီးသတ်၊ လူငယ်အဖွဲ့နှင့် ပရဟိတ အဖွဲ့များရှိပါသည်။ ထိုအဖွဲ့အစည်းများသည်ကျေးရွာ၏ သာရေး၊နာရေး၊ လူမှုဖွံ့ဖြိုးရေး ကဏ္ဍ များတွင် အတူပူးပေါင်းဆောင်ရွက်ကြပါသည်။ လမ်းကော်မတီအနေဖြင့်အခြားမှ လာရောက် လုပ်ငန်း ဆောင်ရွက်သည့် ထွန်စက်၊ ရိတ်စက်ပိုင်ရှင်များမှ လှုဒါန်းသည့် အလှူငွေဖြင့် လမ်းပြုပြင်ခြင်း၊ မြေဖို့ခြင်းများပြုလုပ်ပြီး ပိတောက်မေတ္တာ ပရဟိတလူမှုကူညီရေး အသင်းမှလည်း ကျန်းမာရေးကိစ္စအဝဝကို ကူညီဖြေရှင်းဆောင်ရွက်ပေးပါသည်။ ပြင်ပ အဖွဲ့အစည်းများအနေဖြင့် Pact Myanmar ၊မြတ်ကျွန်းသာ၊သြဘာငွေစုငွေချေးအဖွဲ့များမှငွေကြေးဝန်ဆောင်မှုရရှိပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

ပိတောက်ခေါင်း ကျေးရွာတွင် အိမ်ထောင်စု(၂၀၈)စုရှိပြီးကျား(၄၃၃)ဦး၊ မ(၄၈၂)ဦး၊ စုစုပေါင်း (၉၁၅)ဦးရှိပါသည်။တောင်သူ၊ကောက်စိုက်၊ယက္ကန်းနှင့် တောင်းယက်ခြင်း စသောလုပ်ငန်းများကို (၅၁၇)ဦးခန့် လုပ်ကိုင်ဆောင်ရွက်ကြပါသည်။ အများစုမှာ စိုက်ပျိုးရေးကို အဓိကထား၍ လုပ်ကိုင်ကြပြီး ကျန်အိမ်ထောင်စုများမှာ ယက္ကန်း၊ တောင်းနှင့် လျှော်လုပ်ငန်းကို လုပ်ကိုင် အသက်မွေး ကြပါသည်။လယ်ယာပိုင်ဆိုင်သည့် လယ်သမားအိမ်ထောင်စု(၁၂၇)စုရှိပြီး မိသားစုဝင် လုပ်အား (၁၀၈)ဦးရှိပါသည်။ စပါးကို အဓိကစိုက်ပျိုးလုပ်ကိုင်ပြီး နွေစပါး၊ မိုးစပါး၊ စိုက်ဧက

(၆၃၆.၆၈) ဧကရှိပါသည်။ နွေစပါးအနေဖြင့်ရွှေဝါထွန်း၊ဘီဂျီတို့ကို ဧပြီလမှဇွန်လအတွင်း စိုက်ပျိုးရိတ်သိမ်းကြပြီး မိုးစပါးအနေဖြင့် ဘေးကြားကို ဇူလိုင်လမှ ဒီဇင်ဘာလအတွင်းစိုက်ပျိုးရိတ်သိမ်းကြပါသည်။တစ်ဧကလျှင်နွေစပါး(၁၀၀)တင်းနှင့်မိုးစပါး(၇၅)တင်းခန့်ပျမ်းမျှထွက်ရှိပြီးအခြားစိုက်ပျိုးသီးနှံများစိုက်ပျိုးခြင်းမရှိပါ။အမြတ်ငွေမှာအသင့်အတင့်သာရရှိပါသည်။

ကျေးရွာတွင်ကူဘိုတာမြင်းကောင်ရေ(၇၀)အား‌ရှိ ထွန်စက်ကြီးတစ်လုံးနှင့်တရုတ်လက်တွန်းထွန်စက် (၄၆)လုံး ပိုင်ဆိုင်ပြီးလယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ကြပါသည်။ လယ်ယာသုံးစက်ကိရိယာမပိုင်ဆိုင်သော လယ်ယာစိုက်ပျိုးသူများသည် ငှားရမ်း၍ အသုံးပြုကြပါသည်။စိုက်ပျိုးရေးလုပ်ငန်းအတွက် နည်းပညာအသစ်များ ပညာပေးရန်လိုအပ်ပါသည်။ လယ်ယာမပိုင်ဆိုင်သောအိမ်ထောင်စုများသည် စိုက်ပျိုးရေးလုပ်ငန်းတွင် နေ့စားလုပ်ကိုင်ခြင်းနှင့် ယက္ကန်း၊ တောင်ယက်၊ လက်သမား၊ စက်ချုပ်၊ ကုန်စုံဈေးရောင်းစသည့် လုပ်ငန်းများကို လုပ်ကိုင်အသက်မွေးကြပါသည်။လယ်ယာပိုင်ဆိုင်သော တောင်သူအများစုသည်လည်း စက်ချုပ်၊ ယက္ကန်း၊ ဈေးရောင်း၊ တောင်းယက်လုပ်ငန်းများနှင့် စိုက်ပျိုးရေးနေ့စားအလုပ်များကို တွဲဖက်လုပ်ကိုင်ကြပါသည်။စိုက်ပျိုးရေးလုပ်ငန်းတွင်လုပ်သားများအတွက် လုပ်အားခဝင်ငွေများသည်အမျိုးသား၊အမျိုးသမီး၊ကွာခြားမှုအနည်းငယ်သာရှိပါသည်။ အမျိုးသားတစ်ဦးတစ်ရက်လုပ်အားခ(၇၀၀၀)ကျပ်နှင့်အမျိုးသမီးတစ်ဦးတစ်ရက်လုပ်အားခ(၆၀၀၀)ကျပ်ခန့်ရရှိပါသည်။ မွေးမြူရေးအနေဖြင့်နွား၊ကြက်နှင့်ဆိတ်မွေးမြူကြသော်လည်းဆိတ်မွေးမြူသည့် အိမ်ထောင်စုတစ်စုနှင့် နွားမွေးမြူသည့် အိမ်ထောင်စုတစ်စုသာလျှင် စီးပွားဖြစ်မွေးမြူကြပါသည်။ ငါးလုပ်ငန်းများကိုမြစ်၊ ချောင်း၊ အင်းအိုင်များ မရှိသဖြင့်လုပ်ကိုင်ခြင်းမရှိပါ။သောက်သုံးရေ အနေဖြင့်ကျေးလက်ဆေးခန်းပိုင် အဝိစိစက်တပ်တွင်းမှရေကိုသာ သောက်သုံးရန်အတွက်အသုံးပြုကြပါသည်။

(ဂ) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

ကျေးရွာတွင် ဘုန်းကြီးကျောင်း တစ်ကျောင်းနှင့် စေတီ(၉)ဆူရှိပါသည်။ ရွာတွင်း၊ ရွာပြင်လမ်းများသည် မြေသားလမ်းများဖြစ်ပြီး မိုးရာသီတွင် သွားလာရအလွန်ခက်ခဲပါသည်။ ပွင့်လင်းရာသီရောက်မှသာ လျှင်သင့်တင့်ရုံသွားလာနိုင်ပါသည်။ နွေရာသီတွင် ရေတုံကင်တွင်းမှ ရေကိုသုံးစွဲကြပါသည်။ အများပိုင်ရေတွင်း(၂)တွင်းရှိပြီး ကျေးရွာတွင်း သောက်သုံးရေရရှိမှု အနေဖြင့် ရေတွင်း (၄)တွင်း၊ အဝိစိစက်တပ်(၃)တွင်း၊ တုံကင်(၂)တွင်း တူးဖော်ထားရှိပါသည်။ ကျေးရွာတွင်းသုံးစွဲသောသောက်သုံးရေအများစုသည် ရေအရည်အသွေးစနစ်တကျစစ်ဆေးထားခြင်းမရှိပါ။ ရွာ၏အရှေ့ဘက်ရှိ မဟာနန္ဒာကန်မှရေကိုလည်းလိုအပ်လျှင်သုံးရေအတွက်အသုံးပြုကြပါသည်။

လျှပ်စစ်မီးရရှိမှုအနေဖြင့် အဟာဓာတ်အားလိုင်းမှ(၁၅၂)ဦးသုံးစွဲနေပြီး ကျန်အိမ်ထောင်စု(၅၆)စုသည် ဆိုလာမီးကို အသုံးပြုကြပါသည်။ ဆက်သွယ်ရေးအနေဖြင့် တယ်လီဖုန်းများ ကို အသုံးပြုကြပြီး သတင်းအချက်အလက်ရရှိမှုအတွက် တီဗွီ၊ ရေဒီယို၊ စလောင်းတို့ကို အသုံးပြုကြပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ပိတောက်ခေါင်းကျေးရွာတွင် ငွေကြေးဝန်ဆောင်မှုအနေဖြင့်မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်၊ သမဝါယမနှင့်ပုဂ္ဂလိကချေးငွေအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ကြပါသည်။ ချေးငွေရရှိမှုပမာဏမှာမြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကလျှင်(၁၅၀၀၀၀)ကျပ်ဖြင့်(၁၀)ဧကအထိရရှိပြီး အတိုးနှုန်း(၈)ကျပ်ဖြင့်(၆)လ ကြာမြင့်ချိန်တွင်ပြန်လည်ပေးဆပ်ရပါသည်။ မြတ်ကျွန်းသာချေးငွေအဖွဲ့မှတစ်အိမ်ထောင်လျှင် အနည်းဆုံး(၁၅၀၀၀၀)ကျပ်မှ အများဆုံး(၅၀၀၀၀၀)ကျပ် အထိ၊ အတိုးနှုန်း(၂)ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဩဘာချေးငွေမှ လယ်(၁)ဧကလျှင် ကျပ်(၂၀၀၀၀)ကျပ်နှုန်း၊အတိုးနှုန်း(၂)ကျပ်ဖြင့်လည်းကောင်း၊Pact Myanmarမှ တောင်းယက်လုပ်ငန်း လုပ်ကိုင်သည့် အမျိုးသမီးများအား ငွေကျပ်(၁၀၀၀၀၀)မ ှငွေကျပ်(၅၀၀၀၀၀)ကို အတိုးနှုန်း(၂)ကျပ်ဖြင့်လည်းကောင်း၊သမဝါယမမှ စိုက်ပျိုးရေးလုပ်ငန်းအတွက် ချေးငွေ(၁၅၀၀၀၀)ကျပ်မှ (၅၀၀၀၀၀) ကျပ်အထိ နှင့်မွေးမြူရေးလုပ်ငန်းအတွက် ငွေကျပ်(၁၀၀၀၀၀)ကျပ်မှ ငွေကျပ်(၂၀၀၀၀၀)ကျပ် အထိအတိုးနှုန်း(၁)ကျပ်ဖြင့်လည်းကောင်းချေးယူကြပါသည်။

(င) ပညာရေး

ပိတောက်ခေါင်းကျေးရွာ တွင်အခြေခံပညာ မူလတန်းကျောင်း တစ်ကျောင်းရှိပါသည်။ပင်မအဆောင်တစ်ဆောင်နှင့် အရန်ကျောင်းဆောင်တစ်ဆောင်ရှိပါသည်။ပင်ပကျောင်းဆောင်သည်နံကပ်ဖြစ်ပြီးအရန်ကျောင်းဆောင်သည် ထရံကာ၊ သွပ်မိုးဖြစ်ပါသည်။ ကျောင်းဝန်းအကျယ်အဝန်းမှာ (၂) ဧကခန့်ကျယ်ဝန်းပါသည်။ ကျေးရွာအနီးရှိမြနန္ဒာနှင့် သီးကုန်းကျေးရွာတို့မှ မူလတန်းကျောင်းသားများလည်းလာရောက်စာသင်ကြားကြပါသည်။ မူလတန်းကျောင်းဝင်းမှာမြောက်ဘက်၊တောင်ဘက်တို့ တွင်သွပ်ဆူးကြိုးများ ကာရံထားပြီး အရှေ့ဘက်မျက်နှာစာနှင့် အနောက်ဘက်တို့တွင် သွပ်ဆူးကြိုးများ ပျက်စီးနေသဖြင့် သစ်ပင်ဆူးခက်များဖြင့် ကာရံထားရပါသဖြင့် ကျောင်းသား/ကျောင်းသူများလုံခြုံစွာ ပညာသင်ကြားနိုင်ရန်အတွက် ကျောင်းဝင်းအားအုတ်တံတိုင်းကာရန် လိုအပ်နေပါသည်။ ကျေးရွာတွင်ဘွဲ့ရပညာတက်ဦးရေနည်းပါးသော်လည်းစာမတက်သူမရှိပါ။ အသက်မွေးဝမ်းကျောင်းပညာအနေဖြင့် ထန်းခေါက်တောင်းယက်လုပ်ခြင်း၊ ယက္ကန်းယက်လုပ်ခြင်းပညာတက်မြောက်ကြသော်လည်း ထန်းခေါက်တောင်းယက်လုပ်သည့် အတက်ပညာကိုသာ တက်မြောက်သူဦးရေများပါသည်။ သို့ဖြစ်ပါ၍အခြား အသက်မွေးဝမ်းကျောင်းပညာများ တက်မြောက်ရန် လိုအပ်နေပါသေးသည်။

(စ) ကျန်းမာရေး

ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းရှိပါသည်။ပြင်းထန်သောရောဂါများဖြစ်ပွားလျှင်ရွာနှင့်(၂)မိုင်ခန့်ဝေးသော ရွှေဘိုမြို့ဆေးရုံ၊ ဆေးခန်းများသို့ သွားရောက်ကုသကြပါသည်။ကျေးလက်ဆေးပေးခန်းမှ ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ကာကွယ်ဆေးတိုက်ကျွေးခြင်း၊ ထိုးနှံခြင်းများ

ပြုလုပ်ဆောင်ရွက်ပေးပါသည်။ ရွာတွင်းမှစွန့်ပစ်ပစ္စည်းများနှင့် အမှိုက်များကို ရွာပြင်ပတောစပ်တွင် စနစ်တကျစွန့်ပစ်ကြပါသည်။ အိမ်ထောင်စု(၁၉၈)စုသည် ယင်လုံအိမ်သာကို ကိုယ်ပိုင်သုံးစွဲကြပြီး ယင်လုံအိမ်သာ မရှိသောအိမ်ထောင်စု(၁၀)စုသည် အိမ်နီးချင်းများထံတွင် တွဲ၍ အသုံးပြုကြပါသည်။ ကျေးရွာနေအိမ်ထောင်စုများအားလုံး ယင်လုံအိမ်ထောင်အသုံးပြုမှုကြောင့်ကူးစက်ရောဂါများ ဖြစ်ပွားမှုနည်းပါးပါသည်။ မပြေလည်သော အိမ်ထောင်စုများသည် ဝမ်းစာဖူလုံရန်အတွက် ငွေချေးယူခြင်း၊ လုပ်အားခကြိုယူ ခြင်းတို့ဖြင့်ဝမ်းစာဖြေရှင်းဆောင်ရွက်ကြပါသည်။ အဟာရအနေဖြင့် ဆိုးဝါးသည့်အခြေအနေကြုံတွေ့ ရသည့်အနေအထားမရှိပါ။ ကျေးရွာတွင်ဆီးချိုနှင့် သွေးတိုးရောဂါဖြစ်ပွားမှုမှာများပြားပါသည်။

(ဆ) ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာရှိမြေဆီလွှာများမှာ အသင့်အတင့်ကောင်းမွန်ပြီး ပျက်စီးမှုနည်းပါးပါသည်။ ပိုးသတ်ဆေး၊ဓာတုဆေးသုံးစွဲမှုကြောင့် မြေဆီလွှာပျက်စီးမှုအနည်းငယ်ရှိသော်လည်း နှစ်စဉ်လယ်မြေများကို နွားချေး၊ သဘာဝမြေဆွေးများ ထည့်ခြင်းဖြင့်ပြုပြင်ကြပါသည်။ သဘာဝဘေးအန္တရာယ်ကျရောက်မှုမရှိပါ။

(ဇ) ကျား-မ ရေးရာ

ကျေးရွာတွင် အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူ ရပ်ရွာ၏ဖွံ့ဖြိုးရေး၊ လူမှုရေး ဘာသာရေး၊သာရေး၊နာရေး ကိစ္စများကို အတူပူးပေါင်းဆောင်ရွက်ကြပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများ တွင် အမျိုးသမီးများကလည်းကောက်စိုက်၊ပေါင်းရှင်း၊ပိုးသတ်စသည့် လုပ်ငန်းများကို အမျိုးသားများနှင့်တန်းတူ ပူးပေါင်းဆောင်ရွက်လုပ်ကိုင်ကြပါသည်။ ကျေးရွာ၏ရပ်ရေးရွာရေး စီမံခန့်ခွဲမှု ကိစ္စများ တွင်အမျိုးသမီးများပါဝင်နိုင်မှုအခွင့်အရေးရှိသော်လည်း ပါဝင်မှုအားနည်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။ အမျိုးသမီးများသည်ယက္ကန်း၊ တောင်ယက်၊ စက်ချုပ် အတက်ပညာများတက်မြောက်လုပ်ကိုင်ကြပါသည်။

(ဈ) လူငယ်ဖွံ့ဖြိုးရေး

ကျေးရွာ၏ရိုးရာဓလေ့ထုံးစံဖြစ်သော အတာရေသဘင်ပွဲတော်၊သီတင်းကျွတ်ဆွမ်းလောင်းပွဲ၊ ပဌာန်းရွတ်ဖတ်ပူဇော်ပွဲစသော ပွဲလမ်းများတွင်လူငယ်များသည် ရပ်မိရပ်ဖအဖွဲ့များ နှင့်အတူပူးပေါင်းကူညီလုပ်ကိုင်ဆောင်ရွက်ကြပါသည်။ ရပ်ရွာလုံခြုံရေးနှင့်မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးသတ်လူငယ်အဖွဲ့ကအုပ်ချုပ်ရေးမှူး၏စီမံမှုဖြင့်ပူးပေါင်း ဆောင်ရွက်ကြပါသည်။ လူငယ်များသည် အားလပ်ချိန်များတွင်ဘောလုံးကစားခြင်း၊ ဘောလီဘောကစားခြင်း၊ ခြင်းလုံးခတ်ခြင်းနှင့် သတင်းအချက်အလက်နည်းပညာများ ကြည့်ရှုလေ့လာခြင်းဖြင့် အချိန်ကို အသုံးပြုကြပါသည်။

ရွှေဘိုမြို့နယ်၊ ပိတောက်ခေါင်းကျေးရွာအုပ်စု၊ ပိတောက်ခေါင်းကျေးရွာ အဆိုပြုစီမံချက်လုပ်ငန်းများ

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေးအဆင့်
၁	အခြေခံအဆောက်အဦ	ရွာလယ်လမ်းမကြီးကျောက်ချောလမ်းခင်းခြင်း။	၁
၂	အခြေခံအဆောက်အဦ	ကျေးလက်ဆေးပေးခန်းရှေ့ရှိလမ်းအားကွန်ကရစ်လမ်းများခင်းခြင်း။	၂
၃	အခြေခံအဆောက်အဦ	ရွာတွင်းလမ်းသွယ်များအားကွန်ကရစ်လမ်းများခင်းခြင်း။	၃
၄	ပညာရေး	စာသင်ကျောင်းဝင်းလုံခြုံရေးအတွက်အုတ်တံတိုင်းကာရံခြင်း။	၄

နောက်ဆက်တွဲ(၁)

ရွှေဘိုမြို့နယ်၊ ဝိတောက်ခေါင်းကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့်စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁။	ရွာလယ်လမ်းမကြီး မကောင်းခြင်း။	မြေသားလမ်းဖြစ်နေခြင်း၊ မိုးရေတိုက်စားမှုခံရခြင်း။	ရပ်ရွာပြည်သူ၏လှူဒါန်းမှုဖြင့်ကျောက် (၂' x 4')များချထားပြီးစီးခြင်း။	ငွေကြေးနှင့်ကျွမ်းကျင်လုပ်သားလိုအပ်မှုရှိခြင်း။	ကျေးရွာကော်မတီမှကျေးလက်ဦးစီးဌာနနှင့်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့နှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း။	ရွာလယ်လမ်းမကြီးအား ကျောက်ချောလမ်းခင်းခြင်း။
၂။	ကျေးလက်ဆေးပေးခန်းရှေ့ရှိလမ်းမကောင်းခြင်း	မြေသားလမ်းဖြစ်နေခြင်း၊ လမ်းဘေးဝဲ/ယာရေဆိုးမြောင်းမှရေလျှံခြင်း။	လုပ်အားပါဝင်နိုင်ခြင်း။	ငွေကြေးမလုံလောက်ခြင်း၊နည်းပညာလိုအပ်ခြင်း၊ကျွမ်းကျင်လုပ်သားလိုအပ်မှုရှိခြင်း။	ကျေးရွာကော်မတီမှကျေးလက်လမ်းဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း။	ကျေးလက်ဆေးပေးခန်းရှေ့ရှိလမ်းအား ကွန်ကရစ်ခင်း၍ရေဆိုးမြောင်းဖော်ထုတ်ခြင်း။
၃။	ရွာတွင်းလမ်းသွယ်များ မကောင်းခြင်း။	မြေသားလမ်းဖြစ်နေ၍ မိုးတွင်းတွင် ရေဝပ်ပြီး ရွံ့ညွန်ထူထပ်ခြင်း။	လုပ်အားပါဝင်နိုင်ခြင်း။	ငွေကြေးမလုံလောက်ခြင်း၊နည်းပညာနှင့်ကျွမ်းကျင်လုပ်သားများမရှိခြင်း။	ကျေးရွာကော်မတီမှကျေးလက်လမ်းဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း။	ရွာတွင်းလမ်းသွယ်များအား ကွန်ကရစ်လမ်းခင်းခြင်း။
၄။	စာသင်ကျောင်းဝင်းမလုံခြုံ၍ကျွဲ၊နွား၊တိရစ္ဆာန်များဝင်ရောက်ခြင်း၊ ပညာသင်ကြားရာတွင် အဆင်မပြေခြင်း။	စာသင်ကျောင်းဝင်းခြံရှေ့မျက်နှာစာနှင့်အနောက်ဘက်တွင်သွပ်ဆူးကြိုးများပျက်စီးနေခြင်း၊ သစ်ပင်ဆူးခက်များဖြင့် ကာရံထားရခြင်း။	လုပ်အားပါဝင်နိုင်ခြင်း။	ငွေကြေးမလုံလောက်ခြင်း၊နည်းပညာနှင့်ကျွမ်းကျင်လုပ်သားများမရှိခြင်း။	ကျောင်းဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းပြီးကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့်ပူးပေါင်း၍ ပညာရေးဦးစီးဌာနသို့ချိတ်ဆက်ဆောင်ရွက်ခြင်း။	စာသင်ကျောင်းဝင်းအား အုတ်တံတိုင်းကာရံခြင်း။

ရွှေဘိုမြို့နယ်၊ပိတောက်ခေါင်းကျေးရွာအုပ်စု၊ပိတောက်ခေါင်းကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မည့်ကာလ

စဉ်	ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေး အဆင့်	၂၀၁၈-၂၀၁၉	၂၀၁၉-၂၀၂၀	၂၀၂၀-၂၀၂၁	၂၀၂၁-၂၀၂၂	၂၀၂၂-၂၀၂၃
၁	ရွာလယ်လမ်းမကြီးကျောက်ချောလမ်းခင်းခြင်း။	၁	✔				
၂	ကျေးလက်ဆေးပေးခန်းရှေ့ရှိလမ်းအားကွန်ကရစ်လမ်းများခင်းခြင်း။	၂		✔			
၃	ရွာတွင်းလမ်းသွယ်များအားကွန်ကရစ်လမ်းများခင်းခြင်း။	၃			✔		
၄	စာသင်ကျောင်းဝင်းလုံခြုံရေးအတွက်အုတ်တံတိုင်းကာရံခြင်း။	၄				✔	

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ (ပိတောက်ခေါင်း)

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၅	၀	၅
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၁၉	၃၁	၅၀
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၂၅	၂၁	၄၆
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၄၂	၃၆	၇၈
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၃၁၆	၃၅၃	၆၆၉
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၂၇	၄၂	၆၉
စုစုပေါင်း		**၄၃၄**	**၄၈၃**	**၉၁၇**
စုစုပေါင်း အိမ်ထောင်စု		**၂၀၈**		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကလေးမွေးဖွားနှုန်းကျဆင်းပြီးအမျိုးသားဦးရေထက် အမျိုးသမီးဦးရေကပိုများပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၂၇	၁၈၀	-	မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၆၉	၈၁	၁၃၃	မြင့် ☐ လတ်☐ နိမ့် ☑
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း			၅	မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း:	၂	၂	၇၄	မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း:	၂	၂	၁၁	မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း:	၄	၇	၆	မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း:**				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း:	၁	၁		မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း: (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း:)**				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၂	၄	၂	မြင့် ☐ လတ်☑ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			၃	မြင့် ☐ လတ်☑ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အင်္ဂါးလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား				
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း	၂၀၈	၂၇၈	၂၃၉	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ **'အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ'** အရေအတွက်တွင် **'မိသားစုဝင်လုပ်အား'** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **'ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)'** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကိုဆိုလိုပါသည်။ ဥပမာ - **'စိုက်ပျိုးရေး'** ကဏ္ဍ ၏ **'ကိုယ်ပိုင်လုပ်ငန်း'** တွင် ရပ်တည်နိုင်မှု **'မြင့်'** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။စိုက်ပျိုးရေးကဏ္ဍ၏ နေ့စားလုပ်သားများအဖြစ်အများစုသောကျေးရွာသူ/သားများက လုပ်ကိုင်ကြပါသည်။စိုက်ပျိုးမွေးမြူရေးမဟုတ်သောကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူနည်းပါးပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၇၀၀၀	၆၀၀၀	၇၀၀၀	၆၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၃၀၀၀	၃၀၀၀	၂၀၀၀	၂၀၀၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား				
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။လယ်ယာစိုက်ပျိုးရေးအတွက်အများဆုံးလုပ်အားခအနေဖြင့်အမျိုးသား၏ နေ့စားလုပ်အားခမှာ(၇၀၀၀)ကျပ်ဖြစ်၍အမျိုးသမီး၏ လုပ်အားခမှာ(၆၀၀၀)ကျပ်ရရှိပါသည်။ကုန်ထုတ်လုပ်ငန်းဆောင်ရွက်ခြင်းအနေဖြင့်ယက္ကန်းယက်လုပ်ခြင်းနှင့်ထန်းခေါက်တောင်းယက်လုပ်ခြင်းတို့တွင်တစ်နေ့လျှင်အမျိုးသမီးများအနေဖြင့် (၂၀၀၀)ကျပ်မှ(၃၀၀၀)ကျပ်ခန့်သာဝင်ငွေရရှိပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၆၃၆.၆၈	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၁၀.၀၀	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	**၆၄၆.၆၈**	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊

(၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။လယ်ယာလယ်များအနေဖြင့်နွေစပါး၊မိုးစပါးများကိုလုပ်ကိုင်ဆောင်ရွက်ကြပါသည်။ လယ်မြေကိုသာလျှင်အဓိကပိုင်ဆိုင်ကြပြီးမြေဆီလွှာအဆင့်မှာလည်းသင့်တင့်မျှတရုံသာကောင်းမွန်ပါသည်။

(၈-၂) မာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) မာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☑ မရှိ ☐	လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ဓာတ်သတ္ထုနှင့်အခြားသဘာဝအရင်းအမြစ်များမရှိပါ။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၀ဧက နှင့်အထက်	၅ဧက မှ ၉ဧက အထိ	၅ဧကအောက်	မရှိ
အိမ်အခြေအနေ	နံကပ်	သွပ်မိုး၊ထရံကာ	သွပ်မိုး၊ထရံကာ	ထန်းရွက်မိုး/ကာ
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	လက်တွန်းထွန်စက်	လက်တွန်းထွန်စက်	မရှိ	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	တောင်သူ	တောင်သူ	တောင်သူ	နေ့စားလုပ်သား
အိမ်ထောင်စု	၁၇	၄၃	၆၄	၈၄

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။အများစုသည်စိုက်ပျိုးရေးလုပ်ကိုင်ကြသောတောင်သူလယ်သမားများဖြစ်ပြီး မြေယာဧကပိုင်ဆိုင်မှုနည်းပါးသော တောင်သူများသည်နေ့စားစိုက်ပျိုးရေးလုပ်သားများအဖြစ်လည်းအသက်မွေးမှုပြုလုပ်ကြရပါသည်။ ထန်းခေါက်တောင်းယက်လုပ်ခြင်းနှင့် ယက္ကန်းယက်လုပ်ခြင်းတို့သည်လည်း အနည်းငယ်မျှသာဝင်ငွေရရှိကြပါသည်။ သို့ဖြစ်ပါ၍ ဥစ္စာဓနအဆင့်အနေဖြင့် အဆင်ပြေသောအိမ်ထောင်စုနည်း ပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၄၄	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____၂၀___ လုပ်အားခကြိုယူ = _____၂၄____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်.. ဥစ္စာဓနအဆင့် '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ဆင်းရဲသောအိမ်ထောင်စုများ၏ဝမ်းစာဖူလုံမှုအနေဖြင့်ချေးယူခြင်း၊လုပ်အားခကြိုယူခြင်းတို့ဖြင့်ဝမ်းစာဖူလုံမှုအတွက်ဖြေရှင်းဆောင်ရွက်ကြပါသည်။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			

အကြောင်းအရာ	ကျား	မ	ပေါင်း
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု			
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု			
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မိသားစုနှင့် ရပ်ရွာ၏ စောင့်ရှောက်မှုကင်းသော သက်ကြီးရွယ်အိုနှင့် မသန်စွမ်း ပုဂ္ဂိုလ်လုံးဂမရှိသဖြင့် ကျေးရွာ ဘာသာရေး အသိ နှင့် စေတနာ သဒ္ဒါကောင်းမွန်ခြင်း ကျေးရွာတွင် လူမှုရေးအဖွဲ့အစည်းများ လုပ်ဆောင်မှုနှင့် ညီညွတ်မှု အားကောင်းကြောင်း တွေ့ရပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲစသည်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။သဘာဝအရင်းအမြစ်အနေဖြင့်စိုက်ပျိုးမြေမှာလူဦးရေနှင့်ယှဉ်လျှင်နည်းပါးပါသည်။ မိုးခေါင်းခြင်းကဲ့သို့သော ရာသီဥတုဆိုးရွားမှုဖြစ်ခြင်းကို ခံစားရတက်ပြီးရောဂါဖြစ်ပွားမှုနည်းပါးပြီး ပြည်တွင်းပဋိပက္ခများမရှိပါ။ ကူးစက်ရောဂါကျရောက်မှုနည်းပါးပြီးလူကုန်ကူးခြင်းမရှိပါ။ လမ်းပမ်းဆက်သွယ်ရေး အနေဖြင့်မိုးတွင်းတွင်ခက်ခဲပြီးပွင့်လင်းရာသီတွင်အနည်းငယ်အဆင်ပြေသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☑	လတ် ☐	နိမ့်☐	မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၅	ဆေးစွဲသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။----------

---

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ရပ်မိရပ်ဖ	၁☐ ၂☑ ၃☐	၁၅		၁၅	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၂	လျှပ်စစ် ကော်မတီ	၁☐ ၂☑ ၃☐	၂၅		၂၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၃	အမျိုးသမီး အဖွဲ့	၁☐ ၂☑ ၃☐		၁၀	၁၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၄	လမ်း ကော်မတီ	၁☐ ၂☑ ၃☐	၉	၀	၉	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၅	ပရဟိတ	၁☐ ၂☑ ၃☐	၁၀		၁၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၆	လူငယ်အဖွဲ့	၁☐ ၂☑ ၃☐	၂၅	၂၅	၅၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၇	မီးသတ်	၁☐ ၂☑ ၃☐	၂၀		၂၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						လုံခြုံရေးနှင့် ကာကွယ်ရေး ☑	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။----------

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	ပက်မြန်မာ	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂	မြတ်ကျွန်းသာ	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃	ဩဘာငွေစုငွေချေး	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid,

USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါ ယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ပြင်ပအဖွဲ့အစည်းများမှငွေကြေးဝန်ဆောင်မှုပေးပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား:	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၈၁	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၄၁	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၂၅	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၅၂	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၉	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း:		**၂၀၈**	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စုများပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	**လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၆၃၆.၆၈	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☑ မဖြေဆိုပါ☐	ရှိ☑ မရှိ☐ မဖြေဆိုပါ ☐
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☑ မရှိ☐ မဖြေဆိုပါ ☐
၆	လက်ဝင်ရေတွင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး☑ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။လယ်မြေဧကအားလုံးဆည်ရေသောက်များဖြစ်၍ရေရှိမှုရာသီအလိုက်လုံလောက်မှု ရှိပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစု ပေါင်း စိုက် ဧက	တစ်ဧက အထွက်နှုန်း				သီးနှံ စိုက်ပျိုး သည့် ကာလ		သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်း ဆုံး	အများ ဆုံး	ပျမ်း မျှ	မှ	ထိ		
မိုးစပါး	၆၃၆.၆	တင်း	၆၀	၉၀	၇၅	ဇူလိုင်	ဒီဇင်ဘာ	မြင့်☐ လတ်☑ နိမ့်☐	မြင့်☐ လတ်☑ နိမ့်☐
နွေစပါး	၆၃၆.၆	တင်း	၈၀	၁၂၀	၁၀၀	ဧပြီလ	ဇွန်	မြင့်☐ လတ်☑ နိမ့်☐	မြင့်☐ လတ်☑ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။စပါးသီးနှံကိုသာအဓိကထား၍စိုက်ပျိုးကြပြီးနွေစပါးမှာအထွက်နှုန်းကောင်း၍ အမြတ်ရရှိမှုမှာ အလယ်အလတ်သာရှိပြီး မိုးစပါးအထွက်နှုန်း အသင့်အတင့်သာရှိသော်လည်း ဈေးကောင်း သောကြောင့် အမြတ်ရရှိမှုမှာလည်းအသင့်အတင့်ရှိကြပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်
ထွန်စက်	၁	-	-	၈၀
လက်တွန်းထွန်စက်	၄၆	-	-	၇၈
အစေ့ချ ကိရိယာ	-	-	-	-

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်
ရိတ်သိမ်းခြွေလှေ့စက်	-	-	-	-
ရိတ်သိမ်းစက်	၁	-	-	၁၂၄
ခြွေလှေ့စက်	-	-	-	-
ရေစုပ်စက်	-	-	-	-
ခြေနင်းရေတင်စက်	-	-	-	-
မြက်ရိတ်စက်	-	-	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။လယ်ယာသုံးစက်ကိရိယာမပိုင်ဆိုင်သောလယ်ယာစိုက်ပျိုးသူများသည်ငှားရမ်းအသုံးပြုကြပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက 'မဖြေဆိုပါ' ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း☑ သင့်တင့်မျှတ☐ မဖြေဆိုပါ☐
စိုက်ပျိုးရေ အရင်းအမြစ်	ပေါများ ☐ အသင့်အတင့်ရှိ☑ မဖြေဆိုပါ☐
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည် ☐ ရသည် ☑ မဖြေဆိုပါ ☐
သီးနှံမျိုးစေ့ ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ☑ မဖြေဆိုပါ ☐
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ☑ မဖြေဆိုပါ ☐
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☑ ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ ☐
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ ☐
သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☑ သီးနှံများကို ရောင်းချနိုင်သည် ☑ မဖြေဆိုပါ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

လေ့လာတွေ့ရှိချက်။ ။ဇယား(၁၇)လေ့လာခြင်းဖြင့် စိုက်ပျိုးရေးအတွက်ရင်းနှီးမြှုပ်နှံရန်အတိုးနှုန်းသက်သာပြီးကာလတိုချေးငွေကိုမြန်မာစိုက်ပျိုးရေးဘဏ်မှရရှိ၍မျိုးကောင်းမျိုးသန့်များ၊အော်ဂဲနစ်မြေဩဇာနှင့်

အခြားအော်ဂဲနစ်သွင်းအားစုများ၊နည်းပညာဝန်ဆောင်မှုများအလွယ်တကူဝယ်ယူရရှိနိုင်ပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက 'မဖြေဆိုပါ' ဟူသော အကွက်ကို ရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန်☐ မဖြေဆိုပါ☑
လယ်ယာမြေ အသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ☑ လယ်ယာမြေဆုံးရှုံးမှုများသည် ☐ လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် ☐ ပလပ်မြေများရှိသည် ☐ ပလပ်မြေအသင့်အတင့်ရှိသည်☐ မဖြေဆိုပါ ☐
စိုက်ပျိုးရေ အရင်းအမြစ်	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑
သီးနှံမျိုးစေ့ ရရှိနိုင်မှု	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြားအော်ဂဲနစ် သွင်းအားစုများ	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒ သွင်းအားစုများ	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☐ သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ ☐ မဖြေဆိုပါ ☑
ဖျက်ပိုးနှင့် ရောဂါကျရောက်မှု	ဆိုးရွားစွာကျ ☐ အသင့်အတင့်ကျ ☐ အနည်းငယ် ☐ မဖြေဆိုပါ ☑

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။----------

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၃၈	၁၁၆
နို့စားနွား		
ကျွဲ		
မြင်း		
မြည်း		
လား		
ဆိတ်		
သိုး		
ဝက်		
ကြက်	၈၉	၄၉၅
ဘဲ		
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်း မွေးမြူရေးလုပ်ငန်း		
ရေချို ငါးဖမ်းလုပ်ငန်း		
ကမ်းလွန် ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။အိမ်ထောင်စုအနည်းငယ်သာလျှင်နွားနှင့်ကြက်ကိုတစ်နိုင်တစ်ပိုင်မွေးမြူကြပြီး အခြားမွေးမြူရေးလုပ်ငန်းမရှိပါ။

(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

